## မန္တလေးတိုင်းဒေသကြီးစာစစ်ဌာနအတွက် အသိပေးကြေညာချက်

၁။ ပထမအဆင့်ပဏာမစစ်ဆေးခြင်း(Screening Test)ရေးဖြေစာမေးပွဲကို မန္တလေးတိုင်းဒေသကြီးစာစစ်ဌာနအတွက် အထက(၁)မန္တလေး၊ အောင်မြေသာဇံမြို့နယ်၊ အထက(၄)မန္တလေး၊ အောင်မြေသာဇံမြို့နယ်များတွင် ကျင်းပမည်ဖြစ်ပါသည်။ လျှောက်လွှာ ပိတ်ရက်(၃၀-၃-၂၀၁၈) ရက်နေ့တွင် ကြော်ငြာပါ အသက်သတ်မှတ်ချက်ထက် ကျော်လွန်နေသူများ၊ ကြော်ငြာပါ အရည်အချင်းသတ်မှတ်ချက် မညီညွတ်သူများ၊ စာရွက်စာတမ်းလိုအပ်ချက်ရှိသူများ၊ ဝန်ကြီးဌာနခွင့်ပြုစာတင်ပြရန်လိုအပ်သည့်လက်ရှိနိုင်ငံ့ဝန်ထမ်းများနှင့် ဖြေဆိုခွင့်ရရှိသူများ ခုံအမှတ်စာရင်းတို့ကို ပူးတွဲဖော်ပြထားပါသည်။

၂။ လျှောက်လွှာတွင် ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းလိုအပ်ချက်ရှိသူများနှင့် ဝန်ကြီးဌာန ခွင့်ပြုစာတင်ပြရန်လိုအပ်သည့် လက်ရှိနိုင်ငံ့ဝန်ထမ်းများအနေဖြင့် လိုအပ်ချက်များတင်ပြနိုင်ပါက နောက်တိုးခုံအမှတ်စာရင်းဆက်လက်ဖော်ပြပေးမည်ဖြစ်ပါသည်။

၃။ စာဖြေဌာနအလိုက် ဖြေဆိုရမည့် ခုံအမှတ်များမှာ အထက(၁)မန္တလေးတွင် ခုံအမှတ် ၁ မှ ၆၀၀ အထိ၊ အထက(၄)မန္တလေးတွင် ခုံအမှတ် ၆၀၁ မှ အထက် ဖြစ်ပါသည်။

၄။ ဖြေဆိုခွင့်ကတ်ပြားများကို **၁၄-၆-၂၀၁၈ ရက်(ကြာသပတေးနေ့)နှင့် ၁၅-၆-၂၀၁၈ ရက် (သောကြာနေ့) တို့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ရုံးချိန်အတွင်း** ထုတ်ပေးမည်ဖြစ်ပါသည်။

**ဖြေဆိုခွင့်ကတ်ပြားထုတ်ရန်-**

ကောင်တာ –၁ ခုံအမှတ် ၁ မှ ၆၀၀ အထိ စာဖြေဌာန၊ အထက(၁)မန္တလေး၊ အောင်မြေသာဇံ

ကောင်တာ –၂ ခုံအမှတ် ၆၀၁ မှ အထက် စာဖြေဌာန ၊ အထက(၄)မန္တလေး၊ အောင်မြေသာဇံ

**စာမေးပွဲအချိန်စာရင်း-**

| | | |
|---|---|---|
| ၁၆ - ၆ - ၂၀၁၈ ( စနေနေ့ ) | ၀၉:၀၀နာရီမှ ၁၀:၀၀ နာရီအထိ | အင်္ဂလိပ်စာ |
| | ၁၁:၀၀နာရီမှ ၁၂:၀၀ နာရီအထိ | သင်္ချာ |